## ပြည်သူလူထုများ မိမိတို့၏ အိမ်သို့ပြန်နိုင်ရန်အတွက်
## နေပြည်တော်မှ ရှမ်းပြည်နယ်အလယ်ပိုင်းတွင်း တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန်

**ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်**
၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့

နေပြည်တော်မှ ရှမ်းပြည်နယ်အလယ်ပိုင်းအတွင်း ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရစေခြင်းနှင့် ရွာသူရွာသား ၆၀၀၀ ကျော်တို့ကို အိုးအိမ်မဲ့ ထွက်ပြေးတိမ်းရှောင်စေခြင်း တို့အပေါ် ရှမ်းလူထုအခြေပြုအဖွဲ့အစည်းတို့မှ ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်းကြေညာအပ်သည်။

တပ်ရင်းပေါင်း ၁၄ တပ်ရင်း၊ လက်နက်ကြီးများနှင့် စစ်တိုက်ယဉ်များအသုံးပြုပြီး ယခုလိုကြီးမားသော ထိုးစစ်ဆင်ရေးမှ မိုင်းရှူး၊ မိုင်းနောင်၊ တန့်ယန်း နှင့် ကျေးသီး မြို့နယ်တွင်း ရွာပေါင်း ၂၂ ရွာမှ ပြည်သူ လူထု၊ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ ၆၀၀၀ ကျော်မှ မိမိအိုးအိမ်လယ်ယာ မြေများစွန့်လွှတ်ကာ ထွက်ပြေးတိမ်းရှောင်နေရပါသည်။ အရပ်သားနေရာများကို မခွဲခြားသတ်မှတ်၊ ဗုဒ္ဓဘာသာဆိုင်ရာနေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်ရက်ကိုမရှောင်ကျဉ်ပဲ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းသည် နေပြည်တော်အစိုးရမှ လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေကို လုံးဝလေးစားမှုမရှိကြောင်း ရှင်းရှင်းလင်းလင်းပြသနေသည်။

အိုးအိမ်မဲ့ ထွက်ပြေးတိမ်းရှောင်နေရသောပြည်သူများသည် ယခုမှာယာယီတဲများတွင်နေကြရရာ ကာကွယ်စောင့်ရှောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အရေးပေါ်လိုအပ် နေပါသည်။ သို့သော်ငြားလည်း မြန်မာစစ်တပ်မှ ယာယီတဲစခန်းအနီးနားတွင် ဆက်လက်ပြီး ထိုးစစ် ဆင်တိုက်ခိုက်နေသည့်အပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီရရှိရန်ကိုလည်း ပိတ်ပင် လျှက်ရှိသည်။

အနာဂတ်ရကို ပိုမိုဆွသည့်အနေနှင့် နေပြည်တော်မှ ဤစစ်ပွဲကိုအကြောင်းပြပြီး မိုင်းရှူး၊ တန့်ယန်းနှင့် ကျေးသီးမြို့နယ်ရှိ ရွေးကောက်ပွဲအတွက် မဲရုံကိုပိတ်လိုက်ခြင်းကြောင့် ဒေသခံပြည်သူလူထုများ၏ ဒီမိုကရေစီအခွင့်အရေးဖြစ်သည့် ရွေးကောက်ပိုင်ခွင့်ကိုပါ ပိတ်ပင်လိုက်ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်နေသည်မှာ သိသာထင်ရှားလှပါသည်။ စစ်တပ်နောက်ခံထားသည့် အာဏာရပါတီသည် ဤမဲဆန္ဒနယ်တွင် မဲလုံးဝရှုံးမည်ကို အားလုံးကအသိဆုံးဖြစ်နေပါသည်။

ဤစစ်ဆင်ရေးသည် ရှမ်းပြည်တိုးတက်ရေးပါတီ ရှမ်းပြည်တပ်မတော် (SSPP/SSA)နှင့် လက်မှတ်ရေး ထိုးထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ကျူးလွန်ပြီး နေပြည်တော်အနေ နှင့် ငြိမ်းချမ်းရေးလုံးဝလိုလားမှုမရှိသည်ကို ရှင်းရှင်းလင်းလင်းဖော်ပြနေပါသည်။ ငြိမ်းချမ်းရေးကို အမှန်

တကယ်လိုလားပါက ၎င်းတို့အနေနှင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်ရမည် ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲအတွက် ဆက်လက်လျှောက်လမ်းသွားရန် စစ်ဆင်ရေးအားလုံးကို ရပ်တန့်ပေးရမည်ဖြစ်သည်။

၎င်းအပြင် နေပြည်တော်အနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုဗန်းပြပြီး ၎င်းတို့မှ ရာစုနှစ်များစွာ တိုင်းရင်းသားနယ်မြေများကိုကျူးကျော်သည့် နည်းဗျူဟာများအသုံးပြုကာ တိုင်းရင်းသားနယ်မြေရှိ များစွာသော သဘာဝသယံဇာတအရင်းအမြစ်များကို ဆက်လက်သိမ်းယူရန်အတွက် လုပ်ဆောင်နေဆဲဖြစ်သည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပြောင်းလဲမှုမရှိသေးသ၍ နေပြည်တော်မှ ၎င်းတို့၏ စစ်ဆင်ရေးဗျူဟာများဖြစ်သော ရှမ်းပြည်နယ်အလယ်ပိုင်းနှင့် အခြားတိုင်းရင်းသားနယ်မြေများအတွင်း ထိုးစစ်ဆင်မှုများ ချက်ချင်းရပ်တန့်ပေးရန်နှင့် တိုင်းရင်းသားနယ်မြေများအတွင်း ငြိမ်းချမ်းရေးအကြောင်းပြကာ အကြီးစားစီမံကိန်းဖြစ်သော ရေကာတာဆောက်လုပ်ရေးများအပါအဝင် သဘာဝသယံဇာတအရင်းအမြစ် ထုတ်လုပ်မှုလုပ်ငန်းများကိုချက်ချင်းရပ်ဆိုင်းပေးရန် မိမိတို့ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ တောင်းဆိုအပ်ပါသည်။

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများအနေနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများ အထူးသဖြင့် မြန်မာနိုင်ငံရွေးကောက်ပွဲသို့ လာရောက်လေ့လာစောင့်ကြည့်သူများမှ နေပြည်တော်၏ တိုင်းရင်းသားလူထုများအပေါ် ဆက်လက်ထိုးစစ်ဆင်နေမှုကို ကျယ်ပြန့်စွာရှုတ်ချပေးပါ ရန်တိုက်တွန်းနိုးဆော်အပ်ပါသည်။

နိုင်ငံတကာမှ အလှူရှင်များမှလည်း ရှမ်းပြည်နယ်အလယ်ပိုင်းတွင်းဖြစ်ပွားနေသည့် စစ်ပဋိပက္ခကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများအား လူထုအခြေစိုက်အဖွဲ့အစည်းများ (သို့) အရပ်ဖက်အဖွဲ့အစည်းများမှတဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန် မိမိတို့ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ တိုက်တွန်းနိုးဆော်အပ်ပါသည်။

ဤထုတ်ပြန်ကြေညာချက်ပါ အဖွဲ့အစည်းများမှာ-

၁။ ကယ်ရီဖိုးနီးယား ရှမ်းလူမှုရေး နှင့် ယဉ်ကျေးမှုအသင်း (အမေရိကန်နိုင်ငံ)
၂။ ရှမ်းများမိသားစု (စင်္ကာပူ)
၃။ ရှမ်းစစ်ပြေးဒုက္ခသည်များအဖွဲ့ (မလေးရှားနိုင်ငံ)
၄။ မြန်မာနိုင်ငံလုံးဆိုင်ရာရှမ်းလူငယ်ကွန်ရက်
၅။ ရှမ်းပြည်နယ်လူငယ်များကွန်ယက်ကော်မတီ

၆။ ခမ်းကူစင်တာ
၇။ မောက်ကွန်အဖွဲ့
၈။ ရှမ်းပြည်နယ်လယ်သမားများကွန်ယက်
၉။ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်
၁၀။ ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း
၁၁။ ရှမ်းလူငယ်အင်အားစုအဖွဲ့
၁၂။ ရှမ်းလူငယ်အင်အားစု
၁၃။ ရှမ်းသဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအဖွဲ့
၁၄။ ရှမ်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်
၁၅။ ရှမ်းလူငယ်များကွန်ယက်အဖွဲ့(ထိုင်းနိုင်ငံ)
၁၆။ ရှမ်းလူငယ်များအဖွဲ့
၁၇။ တိုင်းလူငယ်များအဖွဲ့
၁၈။ ကုန်းကျော် စစ်ပြေးဒုက္ခသည်ကော်မတီ (ထိုင်းနိုင်ငံ)
၁၉။ ရှမ်းစစ်ပြေးဒုက္ခသည်များကော်မတီ (ထိုင်းနိုင်ငံ)
၂၀။ အလုပ်သမားညီညွတ်ရေးအသင်း(ချိန်းမိုင်)
၂၁။ ရွှေ့ပြောင်းလုပ်သားများသမဂ္ဂ (ထိုင်းနိုင်ငံ)
၂၂။ ကျောဝ်းခေးတိုင်းအဖွဲ့(ထိုင်းနိုင်ငံ)
၂၃။ ရှမ်းကျောင်းသားများသမဂ္ဂ (ချိန်းမိုင်)
၂၄။ ရှမ်းကျောင်းသားများသမဂ္ဂ (ဘန်ကောက်)
၂၅။ ရှမ်းစာပေယဉ်ကျေးမှုအသင်း (ချိန်းမိုင်)
၂၆။ ရှမ်းစာပေယဉ်ကျေးမှုအသင်း (မိုင်းရှူး)
၂၇။ တုမ်းတွန်တိုင်းအဖွဲ့

ပြောရေးဆိုခွင့်ရှိသူများအားဆက်သွယ်ရန်-


၁။ စိုင်းဆိုင်မိန်း (မြန်မာနိုင်ငံလုံးဆိုင်ရာရှမ်းလူငယ်ကွန်ရက်) + 95  788332609 (Shan + Burmese)
၂။ ယိင်းဟာန်ဖ + 66  892627848 (Shan + Burmese)
၃။ နန်းချန်တောင်း + 66  876589551 (Shan+  English + Thai)
၄။ စိုင်းပော်ရှဲန် + 66 629419600 (Shan + English)